www.burmeseclassic.com

# နှောင်ကြိုး

ရွှေမား

မမမူရေ…

အတင့် အစကပြောသားမဟုတ်လား၊ အတင့် အပူမရှာပါရစေနဲ့လို့… ကိုင်း၊ ခုတော့ ဘယ့်နှယ့် ရှိစ မမမူ၊ မမမူရဲ့ သနားတတ်တဲ့စိတ်ဟာ တစ်ခါကလည်း မမမူကို ဒုက္ခပေးခဲ့ပြီမဟုတ်လား။ ခုလဲ ပတ်ချွဲနှပ်ချွဲနဲ့ မမမူ ဆီမှာ လာပြီးအသနားခံတဲ့လူကို မမမူက သိပ်အထင်ကြီးပြီးတော့–

"ညီမလေးရယ် မောင်ကျော်မင်းဖြင့် သာမန်ယောကျ်ားကလေးတစ်ယောက် မဟုတ်ပါဘူး။ အတင့်နဲ့လည်း စိတ်ထားတွေ တိုက်ဆိုင်တယ်၊ မမမူ အကြံပေးတာတွေကို မငြင်းပယ်ပါနဲ့"

စတဲ့ စကားတွေနဲ့ အတင့်ကို မမမူ ဇာတ်သွင်းခဲ့တယ်။ မမမူတော့ဖြင့် သူကိုယ်တိုင်ကလည်း အချစ်သင်ခန်းစာကို ရရှိပြီးတဲ့သူမို့ သူ့ရဲ့ရွေးချယ်ချက်ကတော့ ရာခိုင်နှုန်းအားဖြင့် အမှားနည်းပါလိမ့်မယ်လို့ အတင့် အားတက်ခဲ့မိတယ်။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး၊ ကိုကျော်မင်းရဲ့ လှည့်ပတ်မှုဟာလည်း အတင့်ကို အချစ်ဂုဏ်မောက်အောင် သိပ်ပြီးသွေးဆောင်ခဲ့လို့ ဟိုစဉ်အခါတုန်းက အတင့်ဖြင့် ငါ့လိုလူ ဇမ္ဗူမှာ ရှိရဲ့လားလို့တောင် ကြိမ်းဝါးမိပါရဲ့။ တယ်ရယ်စရာကောင်းတာပဲနော် မမမူ။ လောကပေါ်မှာ လူတွေဟာ လူလိုမနေကြဘူး၊ လူလိုမကျင့်ကြဘူး။

အတင့် ဒီစကားတွေကို ပြောလိုက်တော့ မမမူ စိတ်ထဲမှာ အတော်ပဲထိခိုက်သွားမလား။ ဒါမှမဟုတ်ရင်လည်း 'တယ်ကြီးကျယ်တဲ့ ကောင်မကလေး'ပဲလို့ အတင့်ကို ဆိုမလား…။

မမမူပဲ စဉ်းစားဦးလေ၊ ကိုတင်စိုးနဲ့ မမမူတို့ အချစ်ဇာတ်လမ်း ဖွင့်ခဲ့တုန်းက မမမူ ကိုတင်စိုးကို တကယ်အသည်းစွဲ ချစ်ခဲ့တယ်မဟုတ်လား။

မမမူရဲ့အချစ်သင်္ချိုင်း…၊ မမမူရဲ့ ဝင်းပကြည်လင်တဲ့စိတ်ကို နောက်ကျိအောင် ဖန်တီးတဲ့ မင်္ဂလာအမဲဆုံး ကိုတင်စိုးရဲ့ရင်ခွင်ဟာ မမမူရဲ့ ဘဝကို ဆုံးရှုံးစေပြီးတော့ မမမူ ကိုယ်တိုင် ဘာဖြစ်နေပြီလဲ။ ဒါတွေဟာ မမမူရဲ့ ယုံကြည်လွယ်တဲ့စိတ်၊ သနားတတ်တဲ့စိတ်ကြောင့် မဟုတ်ဘူးလား။ ပြောသမျှ၊ ဆိုသမျှ စကားတွေကို မှတ်ကျောက်မတင်ဘဲနဲ့ အစစ်အမှန်ပဲလို့ ယူဆခဲ့သမျှ မမမူ နစ်နာသလို။

ခု အတင့်လည်း ဒီအဖြစ်မျိုး ကြုံရပြီလေ။ ခု လောက်ဆိုရင် မမမူလည်း သတင်းစာတွေထဲ တွေ့ရောပေါ့။ ဟဲ…ဟဲ။

**မောင်ကျော်မင်းနဲ့ ညွှန့်…**

တဲ့။ မင်္ဂလာသတင်းကလေး၊ ဒါ တွေ့တွေ့ချင်း မမမူ ကိုယ်ချင်းစာပြီး အတင့်ကို သနားဦးမယ် ဟုတ်ကဲ့လား။

ဒါပေမဲ့ မမမူရယ်။ အရင်က မမမူတစ်ယောက်တည်း ဆွေးပူနေရတာပဲ။ ခု မမမူ အဖော်ရပြီလေ။ အတင့်ကို အဖော်ရပြီ။ ဟဲ–ဟဲ အချစ်ဆိပ်၊ အချစ်သွေးတွေတက်ပြီး အတင့်တော့ ကမူးရှူးထိုးများ ဖြစ်ဦးမှာလားလို့ ကိုယ့်ကိုယ်ကို သံသယဖြစ်မိသေးတယ်။

မဖြစ်ပါဘူး၊ မဖြစ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေတော့ တွေးမိရင် အသည်းနာတယ်။ ယောကျ်ားဆိုတဲ့ သတ္တဝါတွေဟာ မိန်းမတွေကိုတော့ ပြောလိုက်ကြတဲ့ဖြစ်ခြင်း။ နိပါတ်တွေ၊ ရာဇဝင်တွေ ကိုးကားပြီး ရှုတ်ချလိုက်ကြတဲ့ ဖြစ်ခြင်း။ သူတို့ကတော့...။

ဘုရားဆုပန် မင်းယောကျ်ားကြီးတွေမို့ မြင့်မြတ်ကြပါတယ်၊ တော်ကြပါတယ်။ သူတစ်ပါး သမီးပျိုကလေးတွေကို ပန်းပွင့်ကလေးတစ်ပွင့်လောက်မှ တန်ဖိုးမထားကြဘူး။

မမြင်ရတဲ့ မြင်းမိုရ်တောင်ကြီးတွေ၊ မတိုင်းဆနိုင်တဲ့ သမုဒ္ဒရာကြီးတွေ၊ 'ကြယ်–ယုံ–ငွေလ'ဆိုတဲ့ ဥပမာကြီးတွေနဲ့ ချစ်ပါသတဲ့။ အသားတော် ဝါနုနုကလေးနဲ့ တစ်ခါရှုလိုက်ရင် တစ်သိန်းမက တန်သတဲ့။ စကားတွေကဖြင့် သိပ်လှပြီး သိပ်ချစ်စရာကောင်းတာပဲ။

အတင့် ဒါတွေကို ကြိုတင်ပြီး စဉ်းစားထားတဲ့သူမို့ အတင့် အမျိုးမျိုး ရှောင်ကွင်းခဲ့တယ် မမမူ။ ကိုကျော်မင်းကဖြင့် အတင့်ကို နွားပိန်တွယ် တွယ်ပြီး 'ပြောပါရစေတော့' ခြယ်လှယ်ချင်သလို ခြယ်လှယ်နိုင်ခွင့်ကို အမျိုးမျိုး ရှာကြံခဲ့တယ်။ အတင့်လည်း အလွတ်ရုန်းပြီး ရှောင်ကွင်းနိုင်သမျှ ရှောင်ကွင်းခဲ့တယ်။

ဒါပေမဲ့ မှားတဲ့အခါ မှားခဲ့လို့ အတင့် ရှောင်ကွင်းသမျှဟာ သဲထဲရေသွန်၊ တိမ်တံခွန်အရုပ်လို အရာမရောက်ဖြစ်ခဲ့တယ်။ အဲသလို အရာမရောက်ခဲ့ပုံကို စဉ်းစားပြီးတော့....။

စာရိတ္တပျက်ပြားနေတဲ့အချိန်၊ စောင့်စည်းမှုသဘောမသက်ဝင်သေးတဲ့ အချိန်တွေမှာ ရည်းစားထားပြီးတော့ အချစ်ကိုရှာတာဟာ 'ရာသက်ပန်လင်လောင်းလျာ' ကို ရှာတာဟာ 'မဟန်ဘူး–မဟန်ဘူး' လို့ အတင့် ထင်စားလိုက်မိတယ်။

ယောကျ်ားတွေဟာ သူတို့ရည်းစားထားတာကို သူတို့ အပျော်အပါးလောက်၊ ဒါမှမဟုတ် သင်ခန်းစာ ယူဖို့လောက်ပဲ ပြုမူကြဟန်တူတယ်။ ဒါကြောင့်မို့လည်း မညှာမတာ ပြုမူရက်ကြတာပေါ့။

မမမူရေ–

အတင့်တော့ သင်ခန်းစာ လှလှကြီးရပြီမို့ 'အာရိဂတော'ဘဲရှင့်။ ကိုကျော်မင်းကို 'အာရိဂတော'ဘဲ။ တော်ပါပြီ မမမူ၊ မမမူလည်း ဒီသတင်းတွေကြောင့် စိတ်မကောင်း မဖြစ်ပါနဲ့နော်။ အတင့်တော့ ဒီနေ့ကစပြီး သူ့အပေါ် စွဲလမ်းတဲ့စိတ်တွေကို ခဝါချလိုက်တော့မယ်။ နောင်ကို အသစ်အလွင်လည်း စိတ်မကူးရဲတော့ဘူး။

ကိုကျော်မင်းရေ ရှင့်ကောင်းမှုအတွက် အမျှရှင့်... အမျှ...အမျှ။

**ညီမလေးအတင့်**
မုံရွာ
၁၃–၆–၄၉

မောင်လေး...

"မင်းသိပ်မညှာတာတဲ့လူပဲ၊ အမှန်အတိုင်းဆိုရင် 'မမမူရေ၊ ကျွန်တော်တော့ ဒီလိုပဲလုပ်တော့မယ်' လို့ မင်းမမမူကို တိုင်ပင်ဖို့ကောင်းတယ်။ မင်းလုပ်ပုံတွေဟာ မမမူရဲ့ ဇာတ်လမ်းထဲက သစ္စာမရှိတဲ့ 'ကိုတင်စိုး' နဲ့ သိပ်တူတာပဲ။ အစကတည်းက မမမူ မင်းကို ပြောခဲ့တယ်မဟုတ်လား။ မင်းရာသက်ပန်ပေါင်းမဲ့ စိတ်ဆန္ဒရှိမှ အတင့်ကို ကြံစည်ပါလို့...။

"မင်းတို့ယောကျ်ားတွေဟာ သိပ်ခက်တာပဲ။ မင်းတို့နှမချင်းလည်း မစာနာကြဘူး။ မင်းလုပ်လိုက်ပုံတွေဟာ မမမူ သိပ်မျက်နှာပျက်စရာ ဖြစ်နေပြီ။ မင်းကို မမမူက သိပ်အထင်ကြီးခဲ့တယ်။ ကျောင်းသားဘဝက မင်းဉာဏ်ထက်ပုံတွေ၊ ရိုးသားပုံတွေ၊ နောက်ပြီး 'ဟိုက်စကူး'မှာ မင်း သပိတ်ခေါင်းဆောင်လုပ်ခဲ့ပုံတွေ၊ ကောလိပ်ကနေပြီး ဗိုလ်ချုပ်နဲ့တူတူ ဂျပန်ပြည် လိုက်သွားပုံတွေ၊ ဒါတွေဟာ တ ကယ်မြင့်မြတ်တဲ့ သူရဲကောင်းအာဇာနည်စိတ် ကိန်းဝပ်တဲ့ လူမှသာ လုပ်နိုင်တဲ့အလုပ်တွေမို့လို့ ဒီလုပ်ငန်းတွေအပေါ် ကြည့်ပြီး မင်းကို မမမူ အထင်ကြီးခဲ့တယ်။

"မင်းကလေးဟာဖြင့် 'မြန်မာပြည်ရဲ့ ပန်းတစ်ပွင့်'ပဲ ရယ်လို့ မမမူ တင်စားခဲ့တယ်။ ဒါပေမဲ့ ဒါတွေဟာ ခု မမမူ စိတ်ထဲမှာ တစ်ခုမှ မရှိတော့ဘူး။

"မင်းရဲ့ မညှာတာတဲ့စိတ်၊ တစ်ပတ်ကြောကြံလိုတဲ့ စိတ်၊ မဖြောင့်မတန်းတဲ့ စိတ်တွေဟာ ခု ရှင်းရှင်းလင်းလင်း ပေါ်လာတာ သိပ်ကျေးဇူးတင်စရာပဲ။

"တော်ပြီကွာ။

"မင်း ရှေ့ဆက်ပြီး မမမူကိုလည်း ဘယ်လိုနည်းနဲ့မှ မဆက်သွယ်နဲ့တော့။ မင်းရဲ့ ခြေမွသွားတဲ့ ဒဏ်ကိုခံစားနေရတဲ့အတင့်ကိုလည်း မင်းအာရုံမပြုနဲ့တော့။ အကြင်းပေးတူ

www.burmeseclassic.com

www.burmeseclassic.com





တဲ့ တို့ညီအစ်မ၊ ကနေ့ကစပြီး မင်းတို့ယောကျ်ားတွေကို ကျောခိုင်းလိုက်တော့မယ်။ တစ်ကိုယ်ရေတစ်ကာယပဲ အေးအေးနေကြတော့မယ်။

"အတင့်ကလေးရဲ့စာကိုဖတ်ပြီး မင်းရဲ့စာရိတ္တကို မင်း ပြန်ပြီး သတိရှိစေတော့။

"စာပြန်ဖို့မလိုဘူး မောင်ကျော်မင်း"

**မမမူ**
မြင်းခြံ
၁၉–၆–၄၉

"မမမူ..."

"စာပြန်ဖို့မလိုဘူးဆိုပေမဲ့ ပြန်လိုက်ပါရစေနော်။

"လူ့လောကတစ်ခွင်မှာ လူတွေဟာ ထင်သလို မဟုတ်ဘူး၊ မြင်သလို မဖြစ်ဘူးဆိုတာကို မမမူတို့လည်း ဉာဏ်ကြီးရှင်တွေမို့ သိကောင်းပါတယ်၊ သိကောင်းကြပါလိမ့်မယ်။ အမြင်သာမညနဲ့ဆိုရင်တော့ ဟုတ်တယ် မမမူ၊ ဟုတ်တယ်။ ကျွန်တော်ဟာ သစ္စာဖောက်တစ်ယောက်ပါပဲ။ ဒါ ပထမ ကျွန်တော် ဝန်ခံပါတယ်လေ။

"နို့ပေမဲ့– ကျွန်တော့်ကို မမမူရော၊ အတင့်ပါ စွပ်စွဲကြတာတွေဟာဖြင့် တစ်ခုမှမဟုတ်ဘူးလို့ ကျွန်တော် ရဲရဲဝံ့ဝံ့ ပြောရဲပါတယ် မမမူရယ်။ ကျွန်တော့်လို လူတစ်ယောက်အဖို့တော့ လောကကြီးဟာ မဆန်းကြယ်ဘူး။ မဆန်းကြယ်တဲ့ လောကကြီးထဲမှာ လူတွေဟာ ဆန်းကြယ်သလို ဟန်ဆောင်နေကြတယ်။ ဒီဟန်ဆောင်မှုတွေ တဖြည်းဖြည်း ဂယက်ရိုက်လာတဲ့အခါမယ် အထင်အမြင်လွဲမှားတာတွေဟာ ဇာတ်မတိုက်ဘဲ အလိုလိုပေါ်လာရတော့တာပေါ့။

"ကျွန်တော်လေ မမမူ၊ အတင့်ကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ မဖြစ်နိုင်တဲ့ နည်းတစ်ခုဖြစ်တဲ့ ရင်ခွဲပြီးလည်း မပြချင်ဘူး၊ ဟိုရှေးတုန်းက သစ္စာတိုင်ပတ်ပျိုးကြီးတွေကိုလည်း ဆိုမပြချင်ဘူး။ ဒါပေမဲ့ ကျွန်တော် အတင့်အပေါ် ချစ်ခဲ့တဲ့အချစ်ဟာ 'အစိုင်အခဲကြီးမားတဲ့ နေရာ' မှာ သာတဲ့လူ မရှိသေးဘူးလို့ ကျွန်တော်ထင်တယ် မမမူ၊ ကျွန်တော်ထင်တယ်။

'ကောင်းပြီကွာ မင်းဒါလောက်တောင်ချစ်ရက်နဲ့ မင်းချစ်မှန်းကို သိလို့ မင်းပြချင်သလို ပြခွင့်ပြုထားပြီ·ဖြစ်ရက်နဲ့ မင်းဘာပြုလို့ သစ္စာဖောက်သလဲဟင်'

လို့ မမမူ မေးချင်မေးလေ မေးမလား။ မမမူ လောကပေါ်မှာရှိတဲ့ အချစ်သတ္တဝါတွေဟာ ချစ်တိုင်းညားသလား၊ ညားသတဲ့လား။ ညားတိုင်းကော ချစ်သတဲ့လား။

"ကျွန်တော် ဆိုခဲ့ပြီးပကော၊ ကျွန်တော် ချစ်မိတဲ့ အတင့်ကို ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် မေ့နိုင်တော့မှာ မဟုတ်ဘူးလို့။ မမေ့နိုင်လို့လည်း ခုလို 'စာရှည်ရှည်ရှင်းတမ်း' နဲ့ ကျွန်တော် ဖြေရှင်းနေတာပေါ့။

"လုံး၀ ဖောက်ပြန်မှုနောက်ကိုသာ ကျွန်တော် လိုက်သွားပြီဆိုရင်လေ 'အမယ်လေး မမမူရယ်' ကျွန်တော် သတိတောင် ရနိုင်မှာမဟုတ်ဘူးတဲ့၊ သိလား။

"ခုလိုဆိုတော့ မမမူကဖြင့် 'လျှာအရိုးမရှိတဲ့အတိုင်း' လို့ ပြောချင် ပြောဦးမှာပဲ။ ကျွန်တော် ပွင့်ပွင့်လင်းလင်း အစီရင်ခံပါ့မယ် မမမူ။ ကျွန်တော် ပွင့်ပွင့်လင်းလင်း အစီရင်ခံပါ့မယ်။ သဝင်းစာထဲမှာ ပါတဲ့အတိုင်း။

'မြန်မာ့တပ်မတော် ကပ္ပတိန်ဟောင်း ရဲခေါင်စာပေ
ဖြန့်ချိရေးပိုင်ရှင် မောင်ကျော်မင်းနှင့် ညွှန့်ကို့သည်
ရန်ကုန်မြို့တရားသူကြီး( )၏ ရုံး၌ နှစ်ဦးသဘော
တူလက်ထပ်ပြီးစီးကြောင်း'

ဆိုတဲ့ မင်္ဂလာသတင်းကလေးကို မမမူ သတိပြုမိရဲ့လား။ ကြည့်စမ်းမမမူ၊ ညွှန့်ဆိုတဲ့မိန်းကလေးရဲ့ 'မိဘ'၊ 'ဂုဏ်ထူး'၊ 'နေရပ်' ဆိုတာတွေ ဘာမှမပါဘူး မဟုတ်လား။ အမှန်အတိုင်းသာ ထည့်လိုက်ရမယ်ဆိုရင်...

'တင်တင်ညွှန့်(ညွှန့်)၊ ရှမ်းပြည်နယ်၊ ကလောမြို့၊
မိုးလွတ်ရွှေဖီလက်ဖက်ကုန်တိုက်၊ စာရေးကြီး ဦး
စောဝင်းနှင့် ဒေါ်တင်ကြွေးတို့၏ တစ်ဦးတည်းသော
သမီး...'

လို့ ထည့်လိုက်ရမှာပေါ့။ ဒါတွင်လားဆိုတော့ မဟုတ်သေးဘူး၊ နောက်ဆွယ်က ဝန်ကြီးဟောင်းတို့၊ မြို့တော်ဝန်ဟောင်းတို့၊ အတွင်းဝန်ဟောင်းတို့ ဆိုသလို ခုခေတ်လူတွေ ပကာသန ပြနေကြတဲ့အတိုင်း ညွှန့်မှာရှိတဲ့ အတိတ်ဂုဏ်ဟောင်းကလေးတစ်ခုကို ထည့်လိုက်ရင် (ပြည့်တန်ဆာဟောင်း)ဆိုတာကိုပါ ပူးတွဲပြီး တွေ့ရမှာပဲ။ သတို့သမီးက မဆန်းလား မမမူ။

"ဒါကိုတွေ့တော့ မမမူ သိပ်ယူကျုံးမရဖြစ်မှာလား၊ အံ့သြသွားမလား၊ ဟင်– အကျင့်ယုတ်လှချည်လားဆိုပြီး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးကို ရေတိမ်နစ်ပြီရယ်လို့လည်း မမမူ ပြောလေမလား၊ စွပ်စွဲလေမလား။

"အေးလေ၊ 'ပြည့်တန်ဆာဟောင်း' ဆိုတဲ့ ညွန့်ရဲ့ ရာဇဝင်ကိုလည်း မမမူကို ကျွန်တော်ပြောပြပါရစေဦး။

"ဒီနေရာမှာ မဖတ်ချင်တော့ဘူးဆိုပြီး ဒီစာရွက်ကို ဆုတ်မပစ်လိုက်ပါနဲ့ဦးလို့ ကျွန်တော် တောင်းပန်လိုက်ပါတယ်။

"ကျွန်တော်ဟာ နိုင်ငံချစ်တဲ့လူတစ်ယောက်၊ စင်မြင့်မရှိတဲ့ နိုင်ငံရေးသမားတစ်ယောက်ဆိုတာတော့ မမမူ သိနှင့်ပြီပဲလေ။ ကျွန်တော်တို့ နိုင်ငံကြီးမှာ လွတ်လပ်လာတယ်ဆိုရင်ပဲ မကြာခင် ပြည်တွင်းစစ်ကြီးခင်းနေလိုက်တာ ဖွတ်ဖွတ်ညက်ဆဲ ဖြစ်နေပြီ။ လွတ်လပ်တဲ့ ပြည် ထောင်စု အလံတော်အောက်က မရေမရာမသေချာတဲ့ ကိစ္စပေါင်းများစွာကို ထူထောင်ဖို့၊ အင်တိုက်အားတိုက် ကြိုးပမ်းဖို့နေရာမှာ ဘာမှမစဉ်းစားနိုင်တော့ဘူး။ ဘဝတည်မြဲမှုနဲ့ အခွင့်အရေး လက်မလွှတ်ချင်မှု ဉာဉ်ဆိုးကလေးတွေနဲ့ ဆိုးပေလေလွင့်နေတဲ့ 'ပါကီဆရာကြီး' တွေကလည်း သူတို့ရဲ့ အကြောင်းကြောင်းတွေကြောင့် ပြည်ထောင်စုရဲ့ဖြစ်ထွေကို မေ့များနေကြပလား။

"တာဝန်သိတဲ့လူတစ်ယောက်အနေနဲ့ နိုင်ငံတော်ကြီးရဲ့ မြေပုံကို မျက်စိရှေ့ချပြီး ကြည့်လိုက်ရင် ရင်လေးစရာတွေဟာ တောင်လိုပုံနေတယ်။ ဒါကို နိုင်ငံရေးသမားတွေ လက်တွေ့မလုပ်နိုင်ကြသေးဘူး။ ကြည့်စမ်း မမမူ၊ သွေးတွေ၊ အပျက်အစီးတွေ၊ ကွေကွင်းမှုတွေ။

"ဘယ်လောက်များ တာဝန်မဲ့နေပုံပေါက်သလဲ။ ကျွန်တစ်ခေတ်က ရလိုက်တဲ့ အမြတ်တွေပေါ့။ စည်းမဲ့ကမ်းမဲ့ ရမ်းတဲ့ကြမ်းတဲ့ ပြီးနေလိုက်ကြတာ။

"တကယ် လက်တွေ့သဘောကို လိုက်တဲ့လူတွေအဖို့တော့ ပြည်ထောင်စုစိတ်မရှိရင် မပြီးနိုင်ဘူးလို့ ယူဆနိုင်လောက်အောင်ပဲ စိတ်ပျက်စရာဖြစ်နေတော့တယ်။ ဒါတွေ၊ ဒါတွေကြောင့်မို့...

"မောင်လေး 'အဇ္ဈတ္တ'ဆိုပြီး နိုင်ငံရေးနယ်ပယ်က ထွက်ခဲ့တယ်။ ပျက်စီးနေတဲ့ အမျိုးရဲ့၊ စာရိတ္တအမျိုးရဲ့ ဉာဏဗလကို ပြုစုပျိုးထောင်ရမဲ့နေရာမှာ 'စာပေ'ဟာ ပဓာနပဲလို့ ကျွန်တော် ယူဆမိတဲ့အတွက် ခုလုပ်နေတဲ့လုပ်ငန်းကို စတင်တည်ထောင် ဖွင့်လှစ်ခဲ့တာပေါ့။

စကားကြော ရှည်လှရန်ကောလို့ မထင်လိုက်ပါနဲ့ မမမူ။ ဒါတွေဟာ ပြည့်တန်ဆာဟောင်းဆိုတဲ့ 'ညွန့်'ကလေးရဲ့ ပဏာမနိဒါန်းပါပဲ။ တကယ်လို့ ကျွန်တော်သာ ဒီစာအုပ်ထုတ်ဝေရေးလုပ်ငန်းကို မတည်ထောင်ခဲ့ရင် သူနဲ့ တွေ့ချင်မှလည်းတွေ့မှာပါပဲ။ နောက်ပြီး အမျိုးသမီးကလေးတစ်စုရဲ့ ဘဝဆုံးချက်နစ်နာလှပုံကိုလည်း မြင်ချင်မှလည်း မြင်မှာ မမမူရဲ့။

"အရင်တုန်းကဆိုရင် ကျွန်တော်က ပြည့်တန်ဆာဆိုတဲ့ မိန်းမကလေးတွေကို အတော်ရွံမုန်းခဲ့တယ်။ မိန်းမပေ့၊ မိန်းမလေ၊ ကလေးကလား အညံ့စားကလေးတွေလို့ အထင်သေးခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် ပျက်စီးလေလွင့်နေတဲ့ 'အမျိုးသမီးကလေးတွေရဲ့ဂေဟာ'တွေကို ရောက်ခဲ့မြင်ခဲ့ရတော့မှ စုတ်သပ်မိခဲ့တယ်။ ယူကျုံးမရ ဖြစ်လာခဲ့မိတယ်။

"မိန်းမပေ့၊ မိန်းမလေ၊ ကလေးကလားအညံ့စားတွေလို့ ကျွန်တော် ဝါးလုံးကြီးနဲ့ ယမ်းခဲ့တာဟာ ရာခိုင်နှုန်းအပြည့်မဟုတ်ဘူးဆိုတာလည်း သိခဲ့ရတယ် မမမူ။

"မမမူတို့ မိန်းမချင်းသာဆိုရင် ဘယ်လောက်စိတ်ထိခိုက်ကြမလဲဆိုတာ ကျွန်တော် မမှန်းဆနိုင်ဘူး။ တချို့အမျိုးသမီးကလေးတွေဟာ မတည်ကြည်တဲ့ လူတစ်စုရဲ့ ညာဝါးဖြန်းသန်းမှုကို ယုံကြည်ရာပြီး ဘဝရေတိမ်မှာ နစ်ခဲ့ရတယ်။ တချို့ကတော့ ဘာရယ်ညာရယ် မဟုတ်ပေဘူး၊ လင်ဆိုတဲ့သတ္တဝါမှာ ဝင်ငွေနည်းပါးပြီး စားမလောက် သုံးမလောက်ဖြစ်ရတော့ တကယ်အသုံးလိုတဲ့အခါမှာ နောက်ဆုံး ဂဠုန်ဆားချက် စီမံကိန်းဆရာကြီး 'သူ့လင်'ရဲ့ စီမံကိန်းအရ 'တစ်ခါတစ်ရံပါပဲရှင့်'ဆိုပြီး ကိုယ်နဲ့ရင်းကြရာက ပြည့် တန်ဆာ ဖြစ်လာရတာတွေလည်း ရှိကြပါရဲ့။

"တချို့ကတော့ဖြင့် အလွန့်အလွန် သနားစရာကောင်းပါရဲ့ မမမူ။ ကျွန်တော်တို့ ပြည်ထောင်စု နယ်စွန်နယ်ဖျားက ပစ္စည်းမဲ့၊ ပညာမဲ့ အမျိုးသမီးကလေးတွေပေါ့။ စာပေလည်း မတတ်ရာကြဘူး၊ အကျိုးအကြောင်းလည်း ဆင်ခြင်ဖို့ ဆိုတာဖြင့် ဝေးပါလေရဲ့ဗျာ၊ ဝေးပါလေရဲ့။

"အဲ သူတို့ကလေးတွေမှ တကယ့်ညစ်ပတ်စုတ်ပွဲတဲ့ လူမသမာတွေရဲ့ ခြယ်လှယ်မှုကို အရုပ်ကလေးတွေလို ငုံးတိတိနဲ့ ခံစားနေရတာပဲ။ ဆွေမျိုးညာတိမရှိ၊ ပတ်ဝန်းကျင်အပေါင်းအသင်းကောင်းရယ်လို့မရှိ။ မှီခိုနိုင်မယ့် 'သတ္တိခဲ'

www.burmeseclassic.com

www.burmeseclassic.com



တွေကလည်းမရှိ၊ တောရွာဒေသမှာ တောဓလေ့အတိုင်း လုပ်ကိုင်စားသောက်လို့ မဝမင်နဲ့ ဖြစ်ကြရပြန်တယ်။ ပြည်တွင်းစစ်ရန်တွေ အသွယ်သွယ်ကလည်း မွေလို့၊ ကေ–အင်–ဒီ–အိုကတစ်မျိုး။

"ဒါနဲ့ မြို့ကဆိုတဲ့လူရဲ့ သွေးဆောင်ဖြားယောင်းမှုကို အထင်ကြီးပြီး 'ငါဖြင့်အားကိုးရတန် ကောင်းပါလေရဲ့' ဆိုတဲ့အတွေးနဲ့ လိုက်ခဲ့ကြတယ်။ ရန်ကုန်ပတ်ဝန်းကျင်မှာ သူတို့နဲ့ သက်ဆိုင်တဲ့ လူတန်းစားကလည်း 'ပြည့်တန်ဆာ'တွေဆိုတော့ ရေစက်မချရဘဲ ကာယကံမြောက် လှူဒါန်းပြီး ဖြစ်ကုန်တာပေါ့ မမမူရယ်။

"စဉ်းစားကြည့်လိုက်ရင် ကျွန်တော်တို့ အမျိုးသမီးငယ်ကလေးတွေရဲ့ ပြဿနာ သိပ်မလွယ်လှဘူး မမမူ။ ရန်ကုန်ဆိုတာက မမမူသိတဲ့အတိုင်း အစစအရာရာ အချုပ်အခြာဖြစ်တဲ့နေရပ်ဆိုတော့ မျက်နှာဖြူတွေကအစ ဂေါ်ရင်ဂျီကုလားအဆုံး နိုင်ငံခြားသားတွေဟာ ပလူပျံပေါများနေတာပဲ။ အဲဒီလူမျိုးခြားတွေအတွက်ကော၊ ဗမာတွေရဲ့ 'ကြာခြည်သံ' ပေးဖို့အတွက်ကော၊ 'ဖြေဖျော်မယ်' အဖြစ် ရေတိမ်နစ်နေရသူကလေးတွေဟာ ၁၉၄၇ ခုနှစ်လောက်က ရန်ကုန်မြို့မှာ (၃၀၀၀) ကျော်ရှိသတဲ့။ ဒီစာရင်းက တိုးပွားလာတာဟာ ၂ နှစ်အတွင်းမှ သုံးဆအနည်းဆုံး ရှိလိမ့်မတဲ့။ တလောက သက်ဆိုင်ရာဌာနက အစီရင်ခံစာကလေးတွေ့လိုက်တယ်။

"အဲဒီ အမျိုးသမီးကလေးတွေဟာ နန်းရင်းဝန်ကြီး မိန့်မြွက်ခဲ့တဲ့ 'ရွှေမိုး–ငွေမိုး' မရွာသွန်းခင်မှာ လူမျိုးစုံရဲ့ 'ရွှေမိုး–ငွေမိုး'နဲ့ သူတို့ရဲ့ ပြဿနာတွေကို သူတို့ဖြေရှင်းနေကြရရှာတယ်။ ပြည့်တန်ဆာဆိုတဲ့ ဘဝကို လူရာမဝင်တော့တဲ့ ဘဝနဲ့မခြားဘဲ မျက်မှောက်လူထုက တစ်ခါ အသိအမှတ်မပြုဘဲ ထားပြန်တော့ ခမျာများမယ် တစ်ချိန်နစ်ချိလောက် မှားယွင်းမိတယ်ဆိုရင်ပဲ 'ဟယ်… မထူးတော့ပါဘူး' ဆိုပြီး 'ရေစုံမျှော' သူတွေလည်း မရှားဘူး မမရယ်။

"ပြည့်တန်ဆာဥပဒေဆိုတာကတော့ အစိုးရဆီမှာ ရှိပါလေရဲ့။ ဒါပေမဲ့ ဒုစရိုက်ပပျောက်ရေးအဖွဲ့က ဦးအေးကိုယ်တိုင်ပဲ ဥပဒေဟာ အစွန်းအငြိတွေ များပြားလို့ သိပ်မကောင်းဘူးတဲ့။ ဘာမှအရာမရောက်ဘူးလို့ တစ်ခါက ပြောပြသံကြားလိုက်ဖူးတယ်။ အမျိုးသမီးတွေရဲ့ မျက်နှာစုံညီ ညီလာခံတစ်ခုမှာ…။

"အဲဒီညီလာခံမှာပေါ့ မမမူ၊ ကျွန်တော်တို့ အမျိုးသမီး ပေါင်းစုံရဲ့ရှေ့မှာ အမျိုးသမီးကြီးတွေကိုယ်တိုင် ဖွင့်ဟဝန်ခံသွားတဲ့အချက်အလက်တွေကဖြင့် အတော်ပဲဝမ်းနည်းကြေကွဲဖို့အချက်တွေ အများအပြား ပါဝင်တာမို့ မမမူရယ် ပြန်ပြီးမပြောပြရက်နိုင်အောင်ဘဲ ဆိုပါတော့။ အမျိုးသမီးကလေးတွေရဲ့ ဂေဟာထဲကို ဝင်လိုက်တာနဲ့တစ်ပြိုင်နက် ဖိစီးထားတဲ့ ရောဂါကြောင့် အချို့အချို့ ကြောင်တောင်ကန်းကလေးများ ဖြစ်နေတာတွေ၊ အချို့အချို့ ဦးနှောက်တွေပျက်ပြီး ကယောင်ချောက်ချားဖြစ်နေတာတွေ။

"ဒါတွေကို မြင်ရကြားရတော့ 'ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး' ဆိုတဲ့ စကားလုံးကို 'ခေတ်သုံး' တစ်ခုလက်ကိုင်ပြုနေတဲ့ အဖွဲ့အသင်းတွေကို ကျွန်တော် ချက်ချင်းသတိရမိတယ်။ အမျိုးသမီးတွေရဲ့ ပြဿနာကို ဖြေရှင်းဖို့နေရာမှာ အမျိုးသမီးတွေသာ ပဓာနဖြစ်ရမှာပဲ။ သူတို့ကြမ္မာကို သူတို့ မဖန်တီးရင် ဘယ်သူကမှ ဖန်တီးပေးမှာလည်း မဟုတ်ဘူးတဲ့။

"အကျင့်စာရိတ္တနဲ့ ပတ်သက်ပြီး ပြုပြင်ပေးရမယ့် အချက်တွေ၊ အစစအဆင့်အတန်း မြင့်လာရေးတွေ၊ ဒုစရိုက်ပပျောက်ရေးတွေ၊ အို… အများကြီးပါပဲ ဆိုပါတော့။ အဲ့ဒီ အဲ့ဒီ လုပ်ငန်းတွေအတွက် ရှေ့ဆောင်လမ်းပြမီးရှူးကြီးသဖွယ် အားထားရမယ့် အမျိုးသမီးအဖွဲ့ကြီးတစ်ဖွဲ့တော့ ရှိဖို့ကောင်းပါပြီ။ ရှိကြသားပဲလို့ လက်ရှိအမျိုးသမီးအဖွဲ့တွေကို လက်ညှိုးညွှန်ပြပေမဲ့ ကျွန်တော့်သဘောကဖြင့် အထူးသဖြင့် ပါတီရေးအမျိုးသမီးတွေ များပြားနေတာမို့ သိပ်အားမရဘူး၊ ပါတီရေးမပါရှိပြန်တော့လည်း ဂုဏ်တုဂုဏ်ယောင်တို့၊ ပကာသနတို့လောက်ကိုသာ မျှော်မှန်း၊ ဂုဏ်ရှိ–ဂုဏ်မဲ့ ကျင့်ကြံနေကြပြန်တော့ ဘယ်မှာဟန်နိုင်မယ့် လုပ်ငန်း ထမြောက်ခြင်း ဖြစ်နိုင်ပါ့မလဲ၊ ဟင် မမမူ။

"အေးလေ ဒါတွေ ထားဦးတော့"

"ကျွန်တော်နဲ့ ဆိုင်တာကလေးကိုပဲ မမမူကို ပြောပြရရင် အစမူလက ကျွန်တော် ပြောခဲ့သလို ညွန့်ဟာ ပြည့်တန်ဆာဟောင်းကလေးပဲ။

"ဘုံးဘုံးလဲနေတဲ့ လင်တော်မောင်ဟာ သနားစဖွယ် မျက်နှာကလေးငယ်ငယ်နဲ့ မအိပ်မနေပြုစုနေတဲ့ မယားကို ကြည့်ပြီး သူ့ဘဝကိုသူ အသည်းနာခဲ့ဟန်တူပါရဲ့။

'သေပစေလေ ညွန့်ရယ်၊ ကိုယ်သေတော့လဲ ညွန့်

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခအေးမယ်၊ ကိုယ့်ကို မကုနဲ့ကွဲ့၊ မကုနဲ့’ လို့ အားယူပြီး ပြောသတဲ့။ ဆွေမျိုးမောင်နှမသားချင်းတွေမရှိတဲ့ ရန်ကုန်၊ ရပ်ဆွေရပ်မျိုးရယ်လို့ ရှာလို့မရတဲ့ရန်ကုန်။ တစ်နေ့ငွေမရှိရင် တစ်နေ့နေဖို့မကောင်းတဲ့ရန်ကုန်။ ပြေးကြည့်လိုက်မှ ‘ဒီလင်–ဒီမယား’ရယ်လို့ နှစ်ယောက်တည်းရှိတဲ့ ရန်ကုန်မှာ ဒီလင်တော်မောင်ရဲ့စကားကို ညွှန့်လက်ခံမှာမဟုတ်ဘူး။ ကရုဏာဒေါသောကလေးတွေနဲ့ ပြောလိုက်တဲ့ လင်တော်မောင်ရဲ့မျက်နှာကိုကြည့်ပြီး ညွှန့်လည်း တော်တော်ပဲ မချိတင်ကဲ ဖြစ်ခဲ့ရသတဲ့ မမမူရယ်။

“တစ်ရက် တစ်ရက်နဲ့ ရက်တွေလည်းလွန်လို့ ညွှန့်ပြုစုချက်ကို လိုက်လိုက်လှဲလှဲခံစားနေရတဲ့ လင်တော်မောင်ဟာ ညွှန့်ကိုဒုက္ခဆက်ပြီး မပေးလိုတော့လို့လားမဆိုတတ်ဘူး။ ညွှန့်လက်ထဲမှာ ငွေကလေးငါးဆယ် လက်အကျန်မှာ ညွှန့်လင်တော်မောင်ဟာ ညွှန့်ရှာခဲ့တဲ့ အရင်းအနှီးကို စီးပွားရေးအုတ်မြစ်မချရဘဲ မသာအုတ်မြစ်ချပါတော့လို့ ဆိုချင်တဲ့ အဓိပ္ပာယ်မျိုးဆောင်ပြီး မချိတင်ကဲ မျက်ရည်ကလေးဝဲဝဲနဲ့ လောကပေါ်က ထွက်ခွာသွားသတဲ့။ အမျိုးမျိုးကျပ်တည်းမှုဒဏ်တွေကို မခံစားလိုတော့ဘဲ တစ်နှစ်အတွင်းရမဲ့ ငြိမ်းချမ်းရေးကို မစောင့်တော့ဘဲနဲ့ သူ့ငြိမ်းချမ်းရေးကို သူ ဖန်တီးသွားသတဲ့။

“တိုတိုပဲပြောရရင် ညွှန့်ရဲ့ပြည့်တန်ဆာဖြစ်ခဲ့ရတဲ့ ရာဇဝင်ရဲ့အစဟာ ဒါပဲ။ အတုအပ ပကာသန၊ မာန–ဂုဏ်တွေ ဖုံးလွှမ်းနေတဲ့ မြို့တော်ကြီးရဲ့ အလယ်မှာ ညှိုးညှိုးငယ်ငယ်နဲ့ နေထိုင်ပြီး အလုပ်ကလေး တောင်တောင်မြောက်မြောက် လုပ်ရာက ဆေးလိပ်ရုံတစ်ခုမှာ ဆေးလိပ်လိပ်ရပြန်တယ်။ ဆေးလိပ်ရုံပိုင်ဟာလည်း ပြဇာတ်ပိုင်ရှင်တစ်ယောက်ဖြစ်နေတော့ မကြာခင်မှာ ညွှန့်ကို ပြဇာတ်ဘက် ဆွဲသွင်းလိုက်သတဲ့။ ပြဇာတ်ကလေး တစ်ထုပ်၊ နှစ်ထုပ်လောက်နဲ့ စင်မြင့်ပေါ်ရောက်ပြီးတဲ့ ညွှန့်ဟာ...။

“ဆေးလိပ်ရုံအစ...။

“ဇာတ်သမ အလယ်...၊ ဆိုတဲ့ ဘဝက နေပြီး မကောင်းမှုလမ်းကြောင်းတွေနဲ့ အသက်မွေးတဲ့ လူတွေရဲ့ စက်ကွင်းထဲရောက်ပြီး... ပြောလိုက်ပရစေတော့ မမမူ။

“ပြည့်တန်ဆာဘဝကို ခြောက်လလောက် အစုံအဆန် မျောလိုက်ရသတဲ့။

ဝါသနာမပါရင် ဘယ်အလုပ်မှ မမြဲတဲ့ အတိုင်းပဲ၊ ဘဝကို ငြီးငွေ့ပြီး မပျော်တစ်ချက်၊ မရွှင်တစ်ချက်နဲ့ စခန်းသွားနေရာက ဒုစရိုက်ပပျောက်ရေးအဖွဲ့ရဲ့ အကြီးအမှူးတစ်ဦးထံမှာ သူ့ကိုယ်သူ အပ်နှံလိုက်သတဲ့။

“ဒါပေမဲ့ ဘဝဆိုးအမှောင်က လွတ်မြောက်လာပြီးစ သူ့လိုအမျိုးသမီးပေါင်းများစွာကို နေ့စဉ်နဲ့အမျှ နေရေး၊ ထိုင်ရေး၊ စားသောက်ဝတ်ဆင်ရေးတွေကိုရော၊ ပညာရေးတွေပါ မလစ်ဟင်းရအောင် ပြုစုစောင့်ရှောက်ထားရတဲ့ ‘အမျိုးသမီးကယ်တင်စောင့်ရှောက်ရေးအဖွဲ့’တွေရဲ့ တာဝန်ကလည်း မသေးငယ်လှပေဘူး။

“ရန်ပုံငွေ လုံလုံလောက်လောက်မရှိတော့ အဲဒီအခက်မှ တကယ့်အခက်ကြီး ဖြစ်နေတာပေါ့ မမမူ။ ကသီလင်တမဖြစ်ဘဲ ဣန္ဒြေရရကလေး နေနိုင်ဖို့ရာက အသက်မွေးဝမ်းကျောင်းလုံလောက်တဲ့ ပညာကလေးတစ်ခုရှိမှပဲ ဖြစ်နိုင်မယ့် ခေတ်ကာလထဲမှာ ဒီလိုအသက်မွေးဝမ်းကျောင်းပညာကလေးမရှိရင် ခုကယ်တင်စောင့်ရှောက်ထားပေမဲ့ မကြာခင်မှာပဲ ဒီဘဝဆိုးဝဲဩဃထဲကို ကျရောက်သွားဦးမှာပဲဆိုတာတော့ မြေခတ်မလွဲပါဘူး။ ဒီတော့ ကြည့်ရှုစောင့်ရှောက်ထားရတဲ့လူတွေရဲ့ ဖြစ်ရပုံ အကျပ်အတည်းဟာ ‘ရင်ဆို့’ စရာကြီးပေါ့...။ ‘ကျွန်မတို့ မွေးစားပါရစေရှင်’ ‘အိမ်မှာ ကလေးထိန်းကလေးလိုလို့’ ဆိုပြီး အဖွဲ့ကို ငွေကလေးလှူဒါန်းပြီး တောင်းယူသွားတဲ့လူတွေမှာလည်း ရိုးရိုးသားသားရှိတဲ့လူက ခပ်နည်းနည်း၊ သူတို့ကမှ တကယ့်လှောင်အိမ်ကြီးတွေ ဖြစ်နေတာကများတယ်။ တစ်ဆင့် ‘ဖြေဖျော်မယ်တို့ရဲ့ဗိုလ်ကြီး’တွေ လက်ထဲပြန်ပို့ကြတာကလည်း အနန္တ...။

“အေးလေ... တိုတိုပဲ ဆိုကြပါစို့။

“တစ်နေ့မှာ မမျှော်လင့်ဘဲ အဲဒီ‘အမျိုးသမီးကလေးတွေရဲ့ဂေဟာ’ ကို ကျွန်တော်ရောက်သွားရာက အဖွဲ့အကြီးအကဲဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့တွေ့လို့ အဖွဲ့ကြီးရဲ့ လက်ရှိအခက်အခဲတွေကို တသီတတန်းကြီး ပြောပြတယ်။ ဒီလိုပြောပြနေရာကပဲ...။

‘မောင်ကျော်မင်း၊ မင်းတို့ရဲ့ ယောကျ်ားကလေးတွေကို ‘အန်တီ’ တာဝန်တစ်ခုပေးချင်တယ်။ ခုနက ‘အန်တီ’ ပြောခဲ့သလို အန်တီတို့မှာ သူတို့ကလေးတွေရဲ့ ဘဝဆိုးက ကယ်တင်ထားနိုင်လောက်တဲ့ အရည်အချင်းသာ ရှိတယ်ကွဲ့။ တာရှည်သဖြင့် ကျွေးမွေးစောင့်ရှောက်ထားဖို့ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ တိုင်းပြည်ပေါ်မှာ တည်နေတာပဲ၊ တိုင်းပြည်က ရုံပုံငွေ များများစားစား လျှာထားရင်တော့ ဝန်မလေးပါဘူး။ ခု ကျွေးမွေးထားရတဲ့ အင်အားကလည်း မသေးလှဘူး ကွဲ့။ နောက်ပြီး ဘဝဆိုးရဲ့ အပြစ်ကို သတိလာစပြုတဲ့ 'ကလေးမ'တွေအဖို့ ဒီဌာနဟာ အင်မတန်အရေးပါအရာ ရောက်တဲ့ ဌာနဖြစ်နေတော့ ပြုစုစောင့်ရှောက်ရမယ့် ဦးရေ ဟာ တစ်နေ့ထက်တစ်နေ့ တိုးသထက် တိုးနေတာပဲ။ ခု ကယ်တင်ထားတဲ့ အမျိုးသမီးကလေးတွေမှာဆိုရင် တချို့ ဟာ မှီခိုအားထားစရာ လုံးဝမရှိရှာကြဘူး။ တချို့ ဒီနေရာ က ထွက်သွားရင် ဘယ်ဆီဘယ်လမ်းရယ်လို့ မျှော်မှန်း စရာ ကွက်ကွက်ကလေးမှ မရှိရှာကြဘူး။ ဒီလိုဒုက္ခပတ်ဝန်း ကျင် ဝိုင်းလည်ပြီးနေတဲ့ အမျိုးသမီးကလေးတွေအတွက် မောင်တို့တကယ်သနားညှာတာကြတယ်ဆိုရင် သင့်တော် တဲ့အမျိုးသမီးကလေးတွေကို သင့်တော်ရာ အမျိုးသားက လေးတွေက အိမ်ထောင်ကလေး အတည်တကျ နေရာချ ထားပေးဖို့နဲ့ ကိုယ်တိုင်ကပဲ သိမ်းပိုက်နိုင်ကြမယ်ဆိုရင် လည်း သိမ်းပိုက်ကြစမ်းပါလို့ တောင်းပန်ချင်ပါတယ် မောင်ကျော်မင်း။

"တချို့ခများကလေးတွေဟာ အဆင့်အတန်း မညံ့ လှပါဘူး။ လိမ္မာရေးခြားရှိကြပါတယ်။ မင်းတို့ယောကျ်ား တွေက သူတို့ကို ပြည့်တန်ဆာပဲ၊ ပြည့်တန်ဆာဟောင်းပဲ အစွဲကြီးစွဲလမ်းပြီး လျစ်လျူရှုထားသမျှကာလပတ်လုံး သူတို့ကလေးတွေမှာ သူတို့နစ်မြုပ်နေတဲ့ဘဝက ဘယ် တော့မှ ထွက်ရပ်လမ်းတွေ့ကြမှာ မဟုတ်ဘူးပေါ့။ ရှင်းရှင်း ပြောရရင် သူတို့ကလေးတွေကို မောင်တို့ လူရာသွင်းကြပါ၊ အသိအမှတ်ပြုကြပါ၊ ချစ်ကြ၊ ကြိုက်ကြဖို့ စိတ်ကူးစမ်းပါ ကွာ၊ ဘယ့်နှယ်လဲ။

"ဆိုတဲ့ စကားတစ်ခွန်းကို ပြောလာတယ် မမမူ။ ကြည့်စမ်း၊ ဒီကိစ္စက သာမည လို့ ယူဆရင်တော့ 'မဖြစ်နိုင် ပါဘူး' လို့ ငြင်းဆန်ဖို့ရာမှာ ခဲယဉ်းမှာတဲ့လား၊ မခဲယဉ်းပါ ဘူးတဲ့၊ မမမူရေ မခဲယဉ်းပါဘူးတဲ့။

"ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပြဿနာတွေထဲမှာ သူတို့ (ကံခေမ)ကလေးတွေရဲ့ ပြဿနာမပါဘူးလားလို့ စဉ်းစားရဦးမှာပေါ့ မမမူရယ်။

"နိုင်ငံရေးသမား၊ လူထုရှေ့နေ အမည်ခံပြီး နိုင်ငံနဲ့ လူထုကို တာဝန်မဲ့ကျင့်ကြံနေကြတဲ့ နိုင်ငံရေးသမားတွေ ထက်တော့ဖြင့် ကျွန်တော်ရဲ့ 'ညွှန့်'ကို ပြည့်တန်ဆာဟောင်း ကလေးဘဝက ကယ်တင်လိုက်တဲ့အဖြစ်က 'သာ'တယ်လို့ ကျွန်တော် ရဲရဲကြီး ပြောနိုင်ပါတယ် မမရယ်။

'မင်းက ကြီးကျယ်လို့ကွာ။ ဖာဟောင်းတစ် ယောက်ကို မင်းသိမ်းပိုက်လိုက်တာနဲ့ပဲ မင်းကိုယ်မင်း တချို့နိုင်ငံရေးသမားတွေထက် သာတယ်လို့..။'

"ပြောရမှာလားဆိုပြီး မမမူ'ရယ်'လေမလား ဟင်၊ မရယ်ပါနဲ့ မမမူ။ ကျွန်တော်ဒီလိုသိမ်းပိုက်လိုက်ခြင်းဟာ နိုင်ငံတော်ရဲ့ လူဦးရေကို ထိခိုက်စေမဲ့ လူညွှန့်ကိုတုံးစေမဲ့ ရောဂါဆိုးကြီးတွေ၊ အကျင့်ဆိုးကြီးတွေ တိုးပွားစေတဲ့ နယ်ပယ်တစ်ခုကို လက်တွေ့တိုက်ခိုက်လိုက်တာပဲ မဟုတ် လား။ အဲဒီအဆိုးအဝါးတွေရဲ့ တပ်သားဦးရေ ယုတ်လျော့ သွားအောင် ကျွန်တော် ကြံဆောင်လိုက်တာပဲ မဟုတ် လား။ ကျွန်တော် ဒီကိစ္စမှာ ဒီလိုဆောင်ရွက်လိုက်တာဟာ နိုင်ငံတော်ရဲ့ အကျိုးမဲ့ကိုပြုတယ်လို့၊ တာဝန်မဲ့ကျင့်ကြံ တယ်လို့ ယူဆနိုင်မလား မမမူ။

"တကယ်လို့ မယူဆနိုင်ဘူးလို့ထင်ရင် စောစောက ကျွန်တော်ပြောခဲ့တဲ့ နိုင်ငံအကျိုးမဲ့ရေးသမားတွေထက် ဘာ ပြုလို့ ကျွန်တော်မသာနိုင်ရမတဲ့တုံး။ ဟင်– မသာနိုင်ဘူး လား။

"ကျွန်တော် ညွှန့်ကို မသိမ်းပိုက်ခင်တစ်လလောက် လည်း ကြိုတင်စဉ်းစားပါတယ် မမမူ။ ညွှန့်ကို ကျွန်တော် လက်ထပ်လို့ ဖြစ်နိုင်–မဖြစ်နိုင်။ 'အတင့်'ကိစ္စတစ်ချက်အ တွက်လည်း ကျွန်တော် စွန့်နိုင်–မစွန့်နိုင်၊ မမေ့မလျော့ စဉ်း စားပါတယ်။

"မေ့လည်း မမေ့ပါဘူးတဲ့။ နောက်ပြီး ကျွန်တော့် အချစ်ဟာ အတင့်အပေါ် အစိုင်အခဲကြီးမားတဲ့နေရာမှာ လည်း သာတဲ့လူမရှိသေးပါဘူးတဲ့။ ဒီစကားတွေကို ကျွန် တော်ပြောပြီး ကျွန်တော်လုပ်တာကတစ်မျိုးလို့ မမမူ ထင်မှာလား...ဟင်။

"တကယ်ဆိုတော့ ကျွန်တော့်ကို အရူးလို့ပဲ စွပ်စွဲချင် စွပ်စွဲပါတော့။

"အတင့်ကို ကျွန်တော် ချစ်ပါတယ်။ ခုလည်းချစ် တာပဲ။ နောင်လည်းမသေမီကာလအတွင်းမှာ ချစ်နေမှာပဲ။ အတင့်ဆိုတာက ရုပ်ကလေးကလည်း တင့်တယ်ပါတယ်၊ အပြောအဆိုအမူအရာကလေးကလည်း တင့်တယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီလိုတင့်ရုံတင်မကဘူး မမမူရေ့၊ တကယ်လို့ပေါ့လေ ကျွန်တော်သစ္စာဖောက်ပြီး ကြောရရုံကြံစည်ခဲ့သည်တိုင်အောင် အဆုံးတိုင်ကာလမှာ အတင့်ဟာ တင့်တင့်တယ်တယ်နဲ့ ချစ်လင်သည်တစ်ဦးကို ရနိုင်ဦးမှာပေါ့ မဟုတ်လား။ စဉ်းစားစရာ မဟုတ်လား မမရဲ့...။

"ဒီနေရာမှာ မမမူရယ်၊ ကံခေလှတဲ့ဇာတ်တူအမျိုးသမီးကလေးညွန့်ကို အတင့်နဲ့ ယှဉ်လိုက်စမ်းပါ။ အတင့်မှာရှိတဲ့ အခွင့်အရေးမျိုးဟာ ညွန့်ဆီမှာမရှိတဲ့အပြင် ခမျာမှာ လူလားမြောက်တဲ့ ဘဝကိုရောက်နိုင်ဖို့မှာက လုံးဝမရှိတော့တဲ့ဘဝမှာမို့ ကျွန်တော်ဒီလို အတင့်ကိုချစ်ရက်နဲ့ လက်လွှတ်ခဲ့ရတာပဲ။ ကျွန်တော် စောစောကပြောခဲ့သလို ကျွန်တော် အတင့်ကို သစ္စာမဖောက်ဘူးဆိုတာတော့ ဘုရားပေးပေး၊ ကျမ်းပေးပေးပါ မမရယ်... ယုံပါ။

"အရူးလို့ပဲ ဆိုချင်ဆိုတော့၊ အမိုက်လို့ပဲ ဆိုချင်ဆိုတော့။ ကျွန်တော်ရူးတာ၊ ကျွန်တော်မိုက်တာတွေဟာ မှားတယ်လို့ပဲ ဆိုချင်ဆိုတော့ အို...ချစ်မိရင်အသည်းစွဲပြီ၊ မခွဲမခွာနေရေးကို အစဉ်သဖြင့် တောင့်တတယ်ဆိုတဲ့ အချစ်သတ္တဝါတွေထဲမှာ ကျွန်တော်မပါဘူးရယ်လို့ ဆိုချင်ဆိုတော့၊ ဒီအယူဆန်မှု(နှောင်ကြိုး)ကလေးက အတင့်နဲ့ခန္ဓာကိုယ်ချင်း ခွဲခွာပြီးထားပေမဲ့ ဝိညာဉ်ချင်းမှာတော့ အမြဲဆက်စပ်ပြီး သက်ဆုံးတိုင်အောင်ပဲ ယှဉ်တွဲသွားမယ်လို့ ကျွန်တော်ယုံကြည်လျက်ပါပဲ မမမူရယ်..။

"အကြောင်းမသိရှာတဲ့ အတင့်ကလေးကဖြင့် ကျွန်တော့်ကို သစ္စာဖောက်တစ်ယောက်ဆိုပြီး အသည်းနာရှာမှာပဲ၊ မုန်းရှာမှာပဲ။ ဒီကိစ္စ ဒီအရေးမှာ ကျွန်တော် ဒီလိုဆုံးဖြတ်တာမှားသလား မမမူ၊ ကျွန်တော်မှားသလား။

"မမမူတို့လို ဘဝအဆင်ပြေမှုမရှိဘဲ နစ်မွန်းနေရတဲ့ မမမူတို့ရဲ့ သွေးချင်း ညီမလေးတွေရဲ့ ဘဝတော်လှန်မှုမှာ အောင်မြင်ခြင်းတစ်ရပ် ဖြစ်ပါစေတော့လို့ ကျွန်တော်အနစ်နာခံပြီး ချစ်သူရဲ့အမုန်းကိုခံပြီး သင်ခန်းစာ ပြလိုက်ပြီလေ။

"ဒီ သူမကလေးတွေရဲ့ မညီမျှတဲ့ လူတန်းစားတိုက်ပွဲမှာ ရှေ့တန်းက မားမားမတ်မတ် ဝင်ရပ်လိုက်ပြီလေ။

"ကျွန်တော့်လို တာဝန်သိရဲဘော်တွေကို ကျွန်တော် ဒီသူမကလေးတွေနဲ့အတူတူ 'အောင်လံနီ'ကို ကိုင်ပြီး စောင့်မျှော်နေပြီလေ။

မောင်ကျော်မင်း နှင့် ညွန့်

ဒီမင်္ဂလာဒွန်တွဲမှုဟာဖြင့် မမမူတို့ ဇာတ်တူချင်းဖြစ်တဲ့ တစ်ဘဝစံကလေးတွေအဖို့ တဝင့်ဝင့်တလွှင့်လွှင့် ကြွားမော်နေမယ့် တော်လှန်ရေးအလံပါပဲလို့ ကျွန်တော် ယူဆမိသလို မမမူလည်း အဖြစ်သနစ်အကုန်လုံးကို ပြန်ကြည့်ပြီးတော့ တကယ်လို့ 'ဒီမယ်ကလေးများအပေါ် သနားကြင်နာပါဘိတယ်ဆိုရင်ဖြင့် ကျွန်တော်ဟာ မမမူ ရေးပေးလိုက်တဲ့စာအတိုင်း–

'အဖနိုင်ငံတော်ရဲ့ပန်းတစ်ပွင့်'

ဆိုတဲ့နေရာမှာ လန်းလန်းဆန်းဆန်းပဲ ရှိပါသေးတယ်လို့... ထပ်မံပြီး အတည်ပြုဦးမယ်ဆိုတာကိုဖြင့် ကျွန်တော်လေ ယုံကြည်ပြီးသားပါတဲ့ မမမူ... ယုံကြည်ပြီးသားပါတဲ့...။

နို့ပေမင့် လူတွေဟာ ကိုယ့်ဆန္ဒကို ကိုယ့်အယူအဆအတိုင်းပဲ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့်ရှိကြတာမို့ ဒီနေရာ ဒီကိစ္စမယ်တော့ ကျွန်တော် ဆွယ်တရားမဟောပါဘူး မမမူရယ်။

'အတင့်ကိုလည်း ပြောပြစေချင်ရဲ့...

သစ္စာရှိရှိနှင့်

**ကျော်မင်း**

ရန်ကုန် ၃–၇–၄၉။

မမမူ

ပေးပို့လိုက်တဲ့စာရှည်ကြီးနှင့်တကွ မမမူရဲ့ 'နှစ်သိမ့်သံ'စာကလေးပါ အတင့်ဖတ်ရတယ်။ စာရှည်ကြီးကတော့ စကားကြွယ်တဲ့လူတစ်ယောက်ရဲ့ စာပီပီပဲ ဖတ်လို့ကောင်းလိုက်တာ၊ ဝတ္ထုကလေး ခပ်ဆန်ဆန်ပဲဆိုပါတော့။

အတင့်ဘယ်လိုလုပ်ရမှာလဲ ဟင်၊ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား။ ဒါမှမဟုတ်ရင် အတင့်ကိုယ်အတင့် ဘုရားလောင်းပါရမီဖြည့်တဲ့ ကြင်ရာလို သူ့ပါရမီကို ဖြည့်ရမှာလား။ ကိုကျော်မင်းဟာ ဘုရားဆုပန်–မပန်မသိရပေမဲ့ အတင့်ဒီကိစ္စမှာ ပါရမီဖြည့်ရဖို့က အတင့်ဟာ ပုထုဇဉ်ငယ်ရွယ်သူကလေးမို့ စိတ်မနိုင်ဘူးထင်တယ်။ စာရှည်ကြီးကို ဖတ်ပြီးတော့ ပထမ အတင့် ကရုဏာသက်မိတာက ညွန့်နဲ့ သူ့အပေါင်းအပါကလေးတွေပဲ။ ဖတ်ပြီးတော့ ရင်တထိတ်ထိတ် ဖြစ်မိတယ်။ သူ့စာထဲကအတိုင်း သူဟာ တကယ်စွန့်လိုက်တဲ့လူတစ်ယောက်ဆိုရင် မှခ[illegible] ချီးမွမ်းထိုက်ပေရဲ့။ အတင့်ရဲ့ ဆက်သွယ်ရင်းနှီးတဲ့လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မဟုတ်ဘဲ ကိုကျော်မင်းဟာ တခြား သူစိမ်းတစ်ရံဆံ ယောကျာ်းတစ်ယောက်သာဆိုရင် အို...အတင့်တော့ ခြေပစ်လက်ပစ်ကို လှိုက်လှိုက်လှဲလှဲ ချီးမွမ်းလိုက်မိမှာပဲ။

ခုတော့... ခုတော့ ဘယ်လိုလုပ်ရမှာလဲ။ ဒီစာကို အတင့်ရေးနေတာ လက်တွေတုန်နေတယ်။ အချစ်ကို အချစ်လို့ မစွဲလမ်းတဲ့ လူမြင့်မြတ်ကြီးကို အတင့်စွန့်၊ စွန့်၊ စွန့်ပယ်လိုက်ရတော့မှာလား။ အတင့် သူ့အပေါ် အထင်အမြင် လွဲမှားခဲ့တာတွေကို အတင့်သူ့ကို ဘယ်လိုတောင်းပန်ရမှာလဲ၊ ဘယ်လိုပြောရမှာလဲ။

အတင့်က ရုပ်ကလေးကလည်း တင့်ပါတယ်၊ အပြောအဆိုမူရာကလေးကလည်း တင့်ပါတယ်...တဲ့။ သူ့ချီးမွမ်းစာကလေးက ၂ ဖက်အစွန်းထွက်ပြီးတော့ အသံ 'သာ'တယ်။ ဒါပေမဲ့ သူ့စွဲလမ်းမှု 'နှောင်ကြိုး'ဘက်က အသံကတော့ 'မာ'တယ် မမမူ–နော်။

အေးလေ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ ဆိုကြပါစို့။ (ညွန့်နဲ့ သူ့အပေါင်းပါ)ကလေးတွေ ချမ်းသာပျော်ရွှင်တဲ့ လူတန်းစေ့နေနိုင်ရေးကို ရှေးရှုပြီး အတင့် အနစ်နာခံလိုက်တော့မယ်လေ။ ကိုကျော်မင်းပြောတဲ့ 'ချစ်တိုင်းမညား၊ ညားတိုင်းမချစ်' ဆိုတဲ့ သဘောတရားကလေးကို အတင့်ရင်ခွင်ပိုက်ပြီးတော့ အတင့်ပျော်ရွှင်မှုကို မရှာတော့ပါဘူးတဲ့။ နောက်ပြီး သက်ဆုံးတိုင်ရည်မှန်းထားတဲ့ အချက်ကြီးတစ်ခု ပျက်ခဲ့ရတဲ့အကြောင်းမှာ ဘယ်သူ့ပယောဂမှမပါဘူးလို့ မမမူကို အတင့် တောင်းပန်လိုက်ပါရစေတော့။

အချစ်ကို အချစ်နဲ့ ဖလှယ်နိုင်ခွင့်ဆိုတာဟာ လူတိုင်းလူတိုင်းရဲ့အဖို့ မဟုတ်ဘူးဆိုတာ အတင့်နားလည်လိုက်ပြီ။ အချစ်ကို ရင်းပြီးတော့ အချစ်ကိုရှာပေမဲ့ အချစ်ကိုချည်း တန်ဖိုးမပေးဘဲနဲ့ သက်ဆိုင်ရာတာဝန်တွေကိုပါ ရောထွေးဆက်စပ်လာတဲ့ လူတွေအဖို့မှာ အချစ်ဟာ သူတစ်ပါးတွေလို တန်ဖိုးရှိတဲ့ အမြတ်မထွက်နိုင်ဘူးဆိုတာ အတင့် ရိပ်မိပြီ။

လူတွေက အမျိုးမျိုးပြောင်လှောင်ပြီး လူတန်းစားခွဲထားတဲ့ 'ညွန့်တို့လိုဘဝတူ' အမျိုးသမီးကလေးတွေအတွက်ကို ရှာလေရှားလေဆိုသလို တော်ရုံတန်ရုံ မတွေ့ဝံ့တဲ့ စွန့်ကြီးမျိုးနဲ့ စွန့်သွားတဲ့ အတင့်ရဲ့ဆရာကြီး ကိုကျော်မင်းကိုတော့ အတင့်က 'သာဓု'...'သာဓု' လို့ ဝမ်းနည်းဝမ်းသာနဲ့ပဲ ခေါ်လိုက်တယ်ဆိုတဲ့အကြောင်း မမမူ ဆုံစည်းတဲ့ အခါ ပြောပြလိုက်တော့နော်။

အရှုံးလို့ပဲဆိုချင်ဆိုတော့၊ အမိုက်လို့ပဲ ဆိုချင်ဆိုတော့ ကျွန်တော်ရှုံးတာ ကျွန်တော်မိုက်တာတွေဟာ မှားတယ်လို့ပဲ ဆိုချင်ဆိုတော့။ အို... ချစ်မိရင် အသည်းစွဲပြီး၊ မခွဲမခွာ နေရေးကို အစဉ်သဖြင့် တောင့်တတယ်ဆိုတဲ့ အချစ်သတ္တဝါတွေထဲမှာ ကျွန်တော်မပါဘူးရယ်လို့ ဆိုချင်ဆိုတော့။ ဒီအယူသန်မှု(နှောင်ကြိုး)ကလေးက အတင့်နဲ့ ခန္ဓာကိုယ်ချင်းခွဲပြီး ထားပေမဲ့ ဝိညာဉ်တွင်းမှာတော့ အမြဲဆက်စပ်ပြီး သက်ဆုံးတိုင်အောင် ယှဉ်တွဲသွားမယ်လို့ ကျွန်တော်ယုံကြည်လျက်ပါပဲ မမမူရယ်...တဲ့။

ဒီစကားလေးကိုသာ အခေါက်ခေါက်အခါခါ ဖတ်လိုက်ပါတော့ မမမူရယ်။ သူ့နှောင်ကြိုး၊ သူ့နှောင်ကြိုး။

တော်ပါပြီ။

ကိုကျော်မင်းရေ ရှင့်ကောင်းမှုအတွက် သာဓုရှင့်... သာဓု...သာဓု။

ညီမလေး
**အတင့်–မုံရွာ**
၈–၈–၄၉

❖

**အတွဲ–၃၊ အမှတ်–၃၊ ၁၉၅၀၊ မေ၊
ပဒေသာရုပ်စုံမဂ္ဂဇင်း**